PROVEN
GROUP OF COMPANIES

# SUPPLIERS

# CODE OF CONDUCT

March 2024

www.proven.com.mm

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှုဆောင် အရာရှိချုပ်၏ အမှာစကား | ၁ |
| | ရည်ရွယ်ချက် | ၂ |
| အခန်း(၁) | အကျိုးဝင်မှု ၊ စတင်မှု နှင့် ကျင့်သုံးမှု | ၃ |
| အခန်း(၂) | ဥပဒေ လိုက်နာမှု | ၄ |
| အခန်း(၃) | လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေး | ၅ |
| အခန်း(၄) | လက်ဆောင်ပေးခြင်း၊ ဧည့်ခံကျွေးမွေးခြင်း | ၆ |
| အခန်း(၅) | သတင်းအချက်လက် ထိမ်းသိမ်းခြင်း | ၇ |
| အခန်း(၆) | အလုပ်သမားအခွင့်အရေး | ၈ |
| အခန်း(၇) | ကျင့်ဝတ်ဖောက်ဖျက်မှုများအား အရေးယူ ဆောင်ရွက်ခြင်း | ၉ |



## အမှုဆောင်အရာရှိချုပ်၏ အမှာစကား

ကုမ္ပဏီအစုအဖွဲ့တစ်ခု (GROUP OF COMPANIES) အနေဖြင့် ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီ သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး အားထုတ်ကြိုးပမ်းမှုတစ်ရပ်သည် အဆိုပါကုမ္ပဏီအစုအဖွဲ့တစ်ခု၏ ထုတ်လုပ်မှုဆိုင်ရာ လမ်းကြောင်းတစ်လျှောက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ဆောင်ရွက်နေမှုများ ဖြစ်နေစေရေး အချက်သည်လည်း တစ်ချက်အဖြစ်ပါဝင်ပါသည်။

PROVEN GROUP OF COMPANIES အနေဖြင့် အဆိုပါခံယူချက်အား အစဉ်ကိုင်စွဲထားလျက် ကုမ္ပဏီအစုအဖွဲ့၏ ထုတ်လုပ်မှုလုပ်ငန်းတစ်လျှောက်တွင် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ဆောင်ရွက်နေမှုများဖြစ်နေစေရေး အထူး အလေးထား လုပ်ဆောင်ပေးခဲ့ပါသည်။

PROVEN GROUP OF COMPANIES အနေဖြင့် မိမိတို့ကုမ္ပဏီအစုအဖွဲ့ရှိ ထိပ်တန်းအဆင့်စီမံခန့်ခွဲသူ များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဝန်ထမ်းများအတွက် လုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct) အား ထုတ်ပြန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆက်လက်၍ PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင်ကုမ္ပဏီများ၊ စက်ရုံများ၊ ဆက်စပ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပစ္စည်းပေးသွင်းသူ/ ရောင်းချသူများ၊ လုပ်ငန်းဆောင်ရွက်သည့် ကန်ထရိုက်တာများအတွက် ကျင့်ဝတ် စည်းကမ်းအား ချမှတ်ပေးနိုင်ခဲ့ခြင်းဖြင့် PROVEN GROUP OF COMPANIES ၏ ထုတ်လုပ်မှုဆိုင်ရာ လမ်းကြောင်းတစ်လျှောက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ဆောင်ရွက်နေမှုများဖြစ်လာမည်ဟု မျှော်လင့်မိပါသည်။

**သန်းထိုက်လွင်**

**အမှုဆောင်အရာရှိချုပ်**




## ရည်ရွယ်ချက်

ဤလုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct) သည် PROVEN GROUP OF COMPANIES ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုအဖြစ် ရပ်တည်နိုင်ရေးနှင့် စပ်လျဉ်း၍ ထောက်ပံ့ဖြည့်စည်းရေး လမ်းကြောင်း (Supply Chain) တစ်လျောက် မရှိမဖြစ်လိုအပ်သည့် တန်ဖိုးများအပေါ် အခြေပြုပြဌာန်းထားခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင်ကုမ္ပဏီများ၊ စက်ရုံများ၊ ဆက်စပ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပစ္စည်းသွင်းသူ/ရောင်းချသူများ၊ လုပ်ငန်းဆောင်ရွက်သည့် ကန်ထရိုက်တာများအနေဖြင့် ဤလုပ်ငန်းခွင်ကျင့်ဝတ်ပါ အချက်များအတိုင်း ပူးပေါင်းလိုက်နာဆောင်ရွက်ပေးပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။



## အခန်း (၁)
## အကျုံးဝင်မှု၊ စတင်မှုနှင့် ကျင့်သုံးမှု

(၁) **အကျုံးဝင်မှု**

ဤ လုပ်ငန်းခွင် ကျင့်ဝတ်တွင် အောက်ပါအတိုင်းအကျုံးဝင်ပါသည်-

(က) PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင်ကုမ္ပဏီများ၊ စက်ရုံများ၊ ဆက်စပ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပစ္စည်းပေးသွင်းသူ/ရောင်းချသူများ။

(ခ) PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင် ကုမ္ပဏီများ၊ စက်ရုံများ၊ ဆက်စပ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်သည့် ကန်ထရိုက်တာများ၊

(၂) **စတင်မှု**

ဤ လုပ်ငန်းခွင် ကျင့်ဝတ်အား PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင် ကုမ္ပဏီများ၊ စက်ရုံများတွင် ၂၀၂၄ ခုနှစ်၊ မတ်လမှ စတင်ကျင့်သုံးမည်ဖြစ်သည်။

PROVEN
GROUP OF COMPANIES

## အခန်း (၂)
## တည်ဆဲဥပဒေအပေါ် လိုက်နာမှု



COMPANIES ၏ အဖွဲ့ဝင် ကုမ္ပဏီများ၊ စက်ရုံများ၊ ဆက်စပ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပစ္စည်းသွင်းသူ/ရောင်းချသူများ၊ လုပ်ငန်းဆောင်ရွက်သည့် ကန်ထရိုက်တာများသည် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများအပေါ် အပြည့်အဝလိုက်နာဆောင်ရွက်ပေးရမည်ဖြစ်သည်။



## အခန်း (၃)
## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်

PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင် ကုမ္ပဏီများ၊ စက်ရုံများ၊ ဆက်စပ် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပစ္စည်းပေးသွင်းသူ/ရောင်းချသူများ၊ လုပ်ငန်းဆောင်ရွက်သည့် ကန်ထရိုက်တာများသည် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြား ချက်များအားလည်းကောင်း၊ PROVEN GROUP OF COMPANIES က ချမှတ်ထားသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များအတိုင်း အပြည့်အဝလိုက်နာပူးပေါင်း ပါဝင်ဆောင်ရွက်ပေးရမည်။

PROVEN GROUP OF COMPANIES အနေဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး ဆိုင်ရာနှင့် အများပြည်သူကိုထိခိုက်စေနိုင်သည်ဟု ယူဆရသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖောက်ဖျက်မှုများပြုလုပ်သည့် အဖွဲ့အစည်းများနှင့် ဆက်လက်လက်တွဲလုပ်ဆောင်သွားမည်မဟုတ်ပါ။



## အခန်း (၄)
## လက်ဆောင်ပေးခြင်း၊ ဧည့်ခံကျွေးမွေးခြင်း

PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင် ကုမ္ပဏီများ၊ စက်ရုံများ၊ ဆက်စပ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပစ္စည်းပေးသွင်းသူ/ရောင်းချသူများ၊ လုပ်ငန်းဆောင်ရွက်သည့် ကန်ထရိုက်တာများသည် PROVEN GROUP OF COMPANIES က သတ်မှတ်ထားသည့် လက်ဆောင်ပေးခြင်းနှင့် ဧည့်ခံ ကျွေးမွေးခြင်းဆိုင်ရာ လမ်းညွှန်ချက်အတိုင်း လိုက်နာလက်ခံရမည်။

PROVEN GROUP OF COMPANIES

## အခန်း (၅)
## သတင်းအချက်အလက် ထိန်းသိမ်းခြင်း



PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင် ကုမ္ပဏီများ၊ စက်ရုံများ၊ ဆက်စပ်လုပ်ငန်းများနှင့် စပ်လျဥ်းသည့် ပစ္စည်းပေးသွင်းသူ/ရောင်းချသူများ၊ လုပ်ငန်းဆောင်ရွက်သည့် ကန်ထရိုက်တာများသည် လုပ်ငန်းဆောင်ရွက်နေစဥ်အတွင်း သိရှိလာခဲ့သည့် PROVEN GROUP OF COMPANIES၏ ထုတ်လုပ်မှု နည်းပညာ၊ ထုတ်ကုန်ပစ္စည်းဆိုင်ရာ လျှို့ဝှက်ချက်၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်၊ ဘဏ္ဍာရေး ဆိုင်ရာအချက်အလက်များကို မီဒီယာတစ်ခုခုအပေါ်တွင် ဖော်ပြခြင်းအပါအဝင် မည်သူတစ်ဦး တစ်ယောက်၊ အဖွဲ့အစည်းတစ်ခုခုကိုမျှ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဖော်ပြခြင်း၊ နှီးနှောဖလှယ်ခြင်း၊ အကြံပေးခြင်း၊ မည်သည့်ပုံစံဖြင့်မဆို ပါဝင်ဆောင်ရွက်ခြင်းမဆိုမပြုရန် တာဝန်ယူရပါမည်။

## အခန်း (၆)
## အလုပ်သမားအခွင့်အရေး



PROVEN GROUP OF COMPANIES ၏ အဖွဲ့ဝင် ကုမ္ပဏီများ၊ စက်ရုံများ၊ ဆက်စပ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပစ္စည်းပေးသွင်းသူ/ရောင်းချသူများ၊ လုပ်ငန်းဆောင်ရွက်သည့် ကန်ထရိုက်တာများသည် လုပ်ငန်းဆောင်ရွက်စဉ် အလုပ်သမားအခွင့်အရေးများအား အထူးလေးစားလိုက်နာဆောင်ရွက်ပေးရမည်၊ အထူးသဖြင့်–

(က) အလုပ်လုပ်ကိုင်ရန် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်၏ သတ်မှတ်အသက်မပြည့် သေးသူများကို ခိုင်းစေခြင်း၊

(ခ ) အဓမ္မခိုင်းစေခြင်း၊

(ဂ) လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခြင်းအား တားမြစ်ခြင်းတို့အား မဆောင်ရွက်မိရန် အလေးထားဆောင်ရွက်ရမည်။

## အခန်း (၇)
## ကျင့်ဝတ်ဖောက်ဖျက်မှုများအား အရေးယူဆောင်ရွက်ခြင်း



ဤလုပ်ငန်းခွင်ကျင့်ဝတ်ပါ အကြောင်းအရာသတ်မှတ်ချက်များအတိုင်း အကျိုးဝင်သူများအနေဖြင့် လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်ပါက PROVEN GROUP OF COMPANIES ချမှတ်ထားသည့် အရေးယူအပြစ်ပေးခြင်းဆိုင်ရာ မူဝါဒစည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးအရေးယူသွားမည်ဖြစ်ပြီး လိုအပ်ပါကချုပ်ဆိုထားသည့် လုပ်ငန်းအပ်နှံမှုဆိုင်ရာ စာချုပ်များဖျက်သိမ်းခြင်း၊ လုပ်ငန်းဆက်လက်မအပ်နှံခြင်း၊ လုပ်ငန်း အပ်နှံမည့်သူစာရင်းမှ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်သွားမည်။

ကြီးမားသည့် ကျင့်ဝတ်ဖောက်ဖျက်မှုများနှင့် စပ်လျဉ်း၍ လုပ်ငန်းအပ်နှံသူ စာရင်းမှရာသက်ပန်ဖယ်ရှားသွားမည်ဖြစ်သည်။